သစ္စေးပင်ကျေးရွာ
ရွာငံဖြိုနယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သစ္စေးပင်ကျေးရွာ
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၀ ခုနှစ်

သစ္စေးပင်ကျေးရွာ

Scanned by CamScanner

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	တည်နေရာနှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး	
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် မှ ၂၀၂၃/၂၄ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏

Scanned by CamScanner

ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြ ထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၀ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သစ္စေးပင်ကျေးရွာ

ရွာဦးမြို့နယ်

Scanned by CamScanner

Scanned by CamScanner

၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

သစ္စေးပင်ကျေးရွာသည် ရွာငံမြို့နယ်၊ ကျောက်ကူပြင်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် တည်ရှိသောကျေးရွာဖြစ်သည်။ သစ္စေးပင်ကျေးရွာသည် အောင်ပန်း-ရွာငံ-မန္တလေးလမ်းမကြီးအနီးတွင်တည်ရှိပါသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် သွားလာရလွယ်ကူသည်။ ကျေးရွာတည်ရှိရာသည် ကုန်းပြင်မြင့်၊မြေပြန့်ဖြစ်သည်။ ကျေးရွာအနီးဝန်းကျင်တွင် ကျေးရွာများသာတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသတွင် တည်ရှိပြီး ရာသီဥတု ကောင်းမွန် ပါသည်။ သို့ရာတွင် သစ်တောများ ပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်တတ်ပါသည်။ သဘာဝ အရင်းအမြစ်များ အနေဖြင့် ကျောက်တောင်များရှိပါသည်။ အနီးတဝိုက်တွင် သဘာဝပေါက်ပင်များ ပေါက်ရောက်တတ်သော်လည်း အတွေ့ရများသော အပင်များသာဖြစ်ပါသည်။ ကျေးရွာလူထု အတွက် ထင်း၊ ဝါး၊ ဆေးဖက်ဝင်အပင်များ ရရှိသည်။ စားကျက်မြေသီးသန့်မရှိပဲ သဘာဝတိရိစ္ဆာန် မျိုးစိတ်များလည်းရရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။ ဆေးဖက်ဝင်အပင်များမှာ သာမန်တွေ့ရသော အပင်များသာဖြစ်သည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

သစ္စေးပင်ကျေးရွာ အိမ်ထောင်စုပေါင်း(၈၄) စု နှင့် ကျား (၃၄၂)၊ မ (၂၅၃)ဦး ဖြင့် လူဦးရေပေါင်း(၅၉၅)ဦးရှိပါသည်။ ကျေးရွာတွင် ဓနလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်(၅၀%)ရှိပြီး အများသူးနည်းတူ အများသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချပြီးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအဖွဲ့ဘာသာရေးအဖွဲ့တို့ရှိကြပြီး၊ ကျေးရွာ၏ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊နာရေး၊ လုပ်ငန်းများတွင် အားထက်သရော စုပေါင်းလုပ်ဆောင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဝင်ရောက်ခြင်း မရှိသောကြောင့် ကျန်ရှိသော ကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အခြားသောသက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

သစ္စေးပင်ကျေးရွာတွင် စိုက်ပျိုးနိုင်သောမြေဧရိယာမှာ ယာမြေ (၄၅.၆၀) ဧက၊ ဥယျာဉ်ခြံမြေ (၅၄.၅၀) ဧက၊ စုစုပေါင်း (၁၀၀.၁၀) ဧက ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု (၂၀) စု ၊(၂.၅) ဧကအောက်ဆင်းရဲသား အိမ်ထောင်စု (---)စု ၊(၂.၅ ဧက မှ ၅ ဧက)အကြား အိမ်ထောင်စု (၁၀)စု ရှိပါသည်။ အဓိကအားဖြင့် စပါး၊ မုန်လာ တို့ကိုစိုက်ပျိုးကြပါသည်။မြေယာမဲ့ အိမ်ထောင်စုများနှင့် ဆင်းရဲသောအိမ်ထောင်စုများမှာ နေ့စားကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။

Scanned by CamScanner

စီးပွားရေးအနေဖြင့် ဆင်းရဲသည်ဟုဆိုနိုင်သည်။ စိုက်ပျိုးရေးကို အခြေခံသောကျေးရွာဖြစ်သည့်အတွက် သီးနှံစျေးကွက်ပေါ်မူတည်နေပါသည်။ စိုက်ပျိုးသောသီးနှံများအတွက် အရင်းအနှီးများစွာ ကုန်ကျခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါများရှိနေပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ နှင့် သွင်းအားစုများ၊ ဓါတုပိုးသတ်ဆေးများကို ရွာငံမြို့တွ777င် အလွယ်တကူဝယ်ယူနိုင်သည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့်ရောင်းချနိုင်သည်။ စိုက်ပျိုးမြေများတွင် မြေဆီလွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါကျရောက်တတ်ခြင်းများရှိနေပါသည်။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေအရည်အသွေးမကောင်းခြင်း၊စိုက်ပျိုးရေး ဓါတုမြေဩဇာ အသုံးပြုမှုနည်းမမှန်ခြင်း၊ မျိုးမကောင်းခြင်း၊ စျေးကွက်ခက်ခဲခြင်းတို့ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

သစ္စေးပင်ကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု(၂၀)စုရှိပြီး နွားကောင်ရေ(၈၀)ကောင်၊ ကျွဲမွေးမြူထားသော အိမ်ထောင်စု(၂၆)စုရှိပြီး ကျွဲကောင်ရေ(၅၄)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု (၁၉)စုရှိပြီး ဝက်ကောင်ရေ(၄၀)ရှိပါသည်။ အများစုမှာ တစ်နိုင်တစ်ပိုင် မွေးမြူသည့်အိမ်ထောင်စုများဖြစ်ကြပြီးဝက်ကိုစုဗူးအဖြစ်မွေးမြူကြသည်။ကျွဲ၊နွားများကို စိုက်ပျိုးရေးလုပ်ငန်းတွင်အသုံးပြုရန်မွေးမြူကြခြင်းဖြစ်သည်။

ကျေးရွာတွင် စားကျက်မြေနည်းပါးခြင်းကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်ခက်ခဲပါသည်။ မျိုးကောင်းမျိုးသန့်များဝယ်ယူရရှိနိုင်ပါသည်။ ကျွဲ၊ နွား သောက်သုံးရေအသင့်အတင့်ရှိပြီး မြေနေရာလုံလောက်မှုရှိပါသည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အခက်အခဲပြဿနာများမှာ မွေးမြူနိုင်ရန် စားကျက်မြေလုံလောက်မှုမရှိခြင်း၊ ချေးငွေလိုသလောက်ရရှိမှုမရှိခြင်း၊ တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာသိရှိမှုများအားနည်းပြီး မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများပုံမှန်မရရှိပေ။စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့်အတွေ့အကြုံ၊ အသိပညာများ အားနည်းကြသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူနည်းပါးပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် နေ့စားအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း၊ စျေးကွက်အသင့်ရှိပါသည်။ ကျေးရွာတွင်လျှပ်စစ်မီးရရှိခြင်းကြောင်း အချို့သောအိမ်ထောင်စုများမှာ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ကျေးရွာတွင် စိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်ကြခြင်း၊ စျေးကွက်လေ့လာနိုင်မှုအားနည်းခြင်း၊ ကုန်စည်တင်ပို့ရောင်းချရာတွင် စျေးနှုန်းများမှန်ကန်မှုမရှိခြင်း၊ အသက်မွေးဝမ်းကျောင်းနည်းပညာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အခြားဝင်ငွေရ လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူနည်းပါးပါသည်။

Scanned by CamScanner

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင်မည်သည့်အဖွဲ့အစည်းမှ ချေးငွေမရရှိပါ။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြသည်။ ဆွေမျိုးများထံတွင် ချေးငှားရာ၌ အပေါင်ခံပစ္စည်း မလိုအပ်ပဲ အတိုးအနည်းငယ်သာပေး၍ ပြေလည်ချိန်မှသာ ပြန်လည်ပေးဆပ်ကြသည်။ ချေးငွေကို စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် အတွက် ချေးယူကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏သယ်ယူပို့ဆောင်ရေးနှင့်သွားလာရလွယ်ကူရေးအတွက်မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ အဓိကထားအသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင် ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရခက်ခဲပါသည်။ ကျေးရွာချဉ်းကပ်လမ်းမှာလည်း မြေသားလမ်း၊ကျောက်ခဲလမ်းဖြစ်၍ မိုးတွင်းကာလ၌သာ အနည်းငယ်ခက်ခဲတတ်ပါသည်။ အောင်ပန်းသို့ကုန်စည်တင်ပို့သည့်လမ်းမှာ ကတ္တရာလမ်းဖြစ်သည့် အတွက် သွားလာရလွယ်ကူပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲသော အိမ်ထောင်စု(၃၅)စု ၊ ဆိုလာမီးကိုသုံးစွဲသော အိမ်ထောင်စု (၄၂)စု နှင့် မီးအသုံးမပြုနိုင်သော အိမ်ထောင်စု (၇)စု ရှိပါသည်။ လျှပ်စစ်မီးသုံးစွဲနိုင်သော အိမ်ထောင်စုများမှာ လွယ်ကူအဆင်ပြေသော်လည်း မဟာဓါတ်အားလိုင်းနှင့် ဝေးကွာခြင်း ငွေကြေးမတတ်နိုင်ခြင်းများကြောင့် လျှပ်စစ်မသုံးစွဲနိုင်သော အိမ်ထောင်စုများမှာ ချက်ပြုတ်ရေးအတွက် ထင်းခုတ်သူများရှိနေပါသည်။ထင်းခုတ်သူများပြားခြင်းကြောင့် သစ်တောပြုန်းတီးလာပြီးရာသီဥတုများ ဖောက်ပြန်လာပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၄၅)လုံး ရေဒီယို (၁၀)လုံး၊ တီဗွီ (၁၅)လုံး၊ ဂြိုလ်တုစလောင်း (၁၅)လုံး တို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့် ဆက်သွယ်ရေးတို့အတွက် အဆင်ပြေပါသည်။

၆။ ပညာရေး

ကျေးရွာတွင်စာသင်ကျောင်းမရှိပါ။ကျောက်ဂွာ့ပြင်ကျေးရွာတွင်သွားရောက်သင်ကြားကြရသည်။ လက်ရှိအချိန်တွင် ပညာရေးကို ဦးစားပေးလာကြသော်လည်း ယခင်အချိန်က ပညာရေးစိတ်ဝင်စားမှု နည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်း ပညာသာ တတ်မြောက်ကြပါသည်။ မြို့ပြနှင့် နီးခြင်းကြောင့် ပညာရေးအဆင့်အတန်း အတန်သင့်ရှိပါသည်။ အထက်တန်း တက္ကသိုလ်ပညာ တတ်မြောက်သူများလည်းရှိပါသည်။ စာသင်ကျောင်းများမရှိပါ။

၇။ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

သစ္စေးပင်ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာနှင့် (၇) မိုင်ခန့်ကွာဝေးသည့် ရွာငံမြို့နယ်ဆေးရုံတွင် ရရှိနိုင်ပါသည်။ ရွာသူ/ရွာသားများတွင် ရောဂါအန္တရာယ်ကြီးမားစွာ

Scanned by CamScanner

ကျရောက်မှုမရှိဘဲ သာမန်ရာသီအလိုက်ဖြစ်ပွားတတ်သော ဖျားနာခြင်း သွေးတိုးခြင်းတို့သာ အဖြစ်များပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် ရွာငံမြို့နယ် ဆေးရုံသို့ သွားရောက် ကုသမှုခံယူကြပါသည်။ ကျေးရွာတွင်ဆေးပေးခန်းမရှိခြင်းကြောင့် ကျေးရွာတွင် ရောဂါပြင်းထန်သည့် လူနာများသည်အခက်အခဲဖြစ်နေရပါသည်။ နှောင့်နှေးမှုမရှိစေရေးအတွက် ကျေးရွာတွင် ဆေးပေးခန်း ရရှိရေးအတွက် ကျေးရွာသူ/သားများ လိုလားနေကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန် လိုအပ်နေပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေ/မိုးရေလှောင်ကန်များကို အသုံးပြုကြပါသည်။ သို့ပါသောကြောင့် ထမင်း/ဟင်းချက်ပြုတ်ရန် နှင့် သောက်သုံးရေလုံလောက် နိုင်ရန် အတွက် အဝီစီတွင်းတူးဖော်ရန် လိုအပ်နေပါသည်။

သစ္စေးပင်ကျေးရွာတွင် ရွာလုံးကျွတ် ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ အချို့သော အိမ်ထောင်စုများမှ အိမ်ခြံဝန်းတစ်ခုတည်းတွင် နေထိုင်ကြသောကြောင့် အိမ်သာကို စုပေါင်းသုံးစွဲကြပါသည်။ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများအတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် ဟောပြောပွဲများ လုပ်ပေးရန်ဆန္ဒရှိနေကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်ထိ သဘာဝဘေးအန္တရာယ်ကြီးများစွာကျရောက်မှုမရှိပါ။ ဘေးအန္တရာယ်ကျရောက်လာပါကလည်း ကာကွယ်ရန်နည်းလမ်းများလည်း ထားရှိမှုမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျစွန့်ပစ်မှုမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သောပညာပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျင် ကျေးရွာသူ/သားများအနေဖြင့် ကောင်းကျိုး/ဆိုးကျိုးများခွဲခြားလာနိုင်ပြီး သဘာဝပတ်ဝန်းကျင် လုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေ နှင့် အမျိုးသားဦးရေမှာ များစွာကွာဟမှုမရှိပါ။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးများအနေဖြင့် ပါဝင်နိုင်မှုနည်းပါးပါသည်။ ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများပါဝင်မှုမရှိသလောက် နည်းပါးသော်လည်း ကျေးရွာ၏ သာရေးနာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြပါသည်။ အမျိုးသမီးများသည် လုပ်ငန်းခွင်တွင်လည်း လုပ်အားခရရှိမှုမှာ အမျိုးသားများထက်နည်းပါးပါသည်။ ထိုမတူညီသော လုပ်အားခများသည် အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကိုကို လျှော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး စသည်တို့တွင် ပါဝင်လာနိုင်ရန်အတွက် ပညာပေးဟောပြောပွဲများပြုလုပ်၍ အမျိုးသမီးများပါဝင်အောင် စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

Scanned by CamScanner

၁၀။ သစ္စေးပင်ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်- ကျောက္ကူပြင်ကျေးရွာအုပ်စု ကျေးရွာအမည်-သစ္စေးပင်ကျေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ကျန်းမာရေး	အခြေခံကျန်းမာရေးဝန်ဆောင်မှု/ ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု ကျေးလက်/လူထုအခြေပြုကျန်းမာရေး ဝန်ဆောင်မှု	ကျေးလက်ဆေးပေး ခန်းရရှိရေး	
၂။	ကျန်းမာရေး	ကျန်းမာရေးအသိပညာများဖွံ့ဖြိုး တိုးတက်ပြီး ကျန်းမာစွာ နေထိုင်နိုင်မှု	ကျန်းမာရေးပညာပေး ဟောပြောပွဲများပြု လုပ်ပေးနိုင်ခြင်းရေး	
၃။	အခြေခံ အဆောက် အဦ	ကျေးလက်ရေရရှိရေး	အဝီစီတွင်းရရှိရန်	
၄။	ငွေကြေး	ရပ်ရွာအခြေပြုငွေကြေးဝန်ဆောင်မှုများ	အတိုးနှုန်းသက်သာစွာ ဖြင့်ချေးငွေရရှိနိုင်ရန်	

Scanned by CamScanner

နောက်ဆက်တွဲ(၁)

သဗ္ဗေးပင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးခင်မောင်မြင့်	ဦးကံသာ		ဥက္ကဋ္ဌ		
၂။	ဦးမြင့်လွင်	ဦးအောင်တင်		အတွင်းရေးမှူး		
၃။	ဒေါ်နီမာအေး	ဦးအောင်သန်း	၁၃/ရငန(နိုင်)၀၄၇၀၆၂	ဘဏ္ဍာရေးမှူး	၀၉-၈၉၇၈၆၃၃၆၂	
၄။	ဦးထွန်းလေး	ဦးကြည်ဗိုလ်		စာရင်းကိုင်		
၅။	ဒေါ်ဆန်းဝင်းအေး	ဦးဟံမောင်	၁၃/ရငန(နိုင်)၀၆၅၈၂၈	စာရင်းကိုင်		
၆။	ဒေါ်နီနီစိန်	ဦးဉာဏ်ရှင်		စာရင်းကိုင်	၀၉-၈၉၄၈၆၃၄၃၀	
၇။	ဦးမောင်လင်း	ဦးဘရှင်	၁၃/ရငန(နိုင်)၀၁၃၉၉၀	ဝယ်ယူရေး		
၈။	ဦးမောင်မွေး	ဦးကျော်ပွား		ဝယ်ယူရေး		
၉။	ဦးစိန်လင်း	ဦးဟံမောင်	၁၃/ရငန(နိုင်)၀၂၈၀၁၈	ဝယ်ယူရေး	၀၉-၂၅၅၁၃၂၃	
၁၀။	ဒေါ်ဖြူဖြူထွေး	ဦးကြည်လေး		စေဖန်အကြံပြု	၀၉-၈၈၁၇၆၉၅၈၇	
၁၁။	ဒေါ်သင်းမာထွေး	ဦးမြင့်အောင်	၁၃/ရငန(နိုင်)၀၅၂၄၃၁	အဖွဲ့ဝင်		

Scanned by CamScanner

နောက်ဆက်တွဲ(၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား(သစ္စေးပင်ကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	အရေးပေါ်အခြေအနေဖြစ်လာပါက နှောင့်နှေးခြင်း	ဆေးပေးခန်းမရှိခြင်း	-	-	ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးလက်ဆေးပေးခန်းရရှိရန်
၂။	စိုက်ပျိုးရေးမွေးမြူရေးနှင့် အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးခြင်း	အရင်းအနှီးလုံလောက်စွာမရှိခြင်း	-	-	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အတိုးနှုန်းသက်သာသောချေးငွေရရှိရန်
၃။		ကျန်းမာရေးအသိပညာအားနည်းခြင်း	-	-	ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျန်းမာရေးဟောပြောပွဲများပြုလုပ်ရန်
၄။	သောက်သုံးရေလုံလောက်မှုမရှိခြင်း	စိမ့်စမ်းရေကိုတစ်ရွာလုံးမှ အသုံးပြုနေကြရခြင်း	-	-	အလှူရှင်များ၊ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	အဝီစိတွင်းရရှိရန်

Scanned by CamScanner

သစ္စေးပင်ကျေးရွာနှင့် နှစ်အလိုက် ဦးစားပေး လုပ်ငန်းများလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။	ကျေးလက်ဆေးပေးခန်းရရှိရန်	၁	✓	✓			
၂။	အတိုးနှုန်းသက်သာသော ချေးငွေရရှိရန်	၂	✓	✓	✓		
၃။	ကျန်းမာရေးဟောပြောပွဲများပြုလုပ်ရန်	၃	✓	✓	✓	✓	
၄။	အဝီစီတွင်းရရှိရန်	၄	✓	✓			

Scanned by CamScanner